ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

<u>အမိန့်ကြော်ငြာစာအမှတ် - ၃/၂၀၀၂</u>

ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၀၂ ခုနှစ်၊ မေလ ၂၃ ရက်)

အမှတ်။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့်အညီ နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန်အားပေးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ငါးမွေးမြူခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၅ တွင် ငါးအရှင်ကိုပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ငါးလုပ်ငန်းဦးစီးဌာန၏ကြိုတင်ခွင့်ပြုချက်ရယူရမည်ဟု၍ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂ ပုဒ်မခွဲ (င) တွင် ငါးဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွါးသည့်အပင်များနှင့်ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ထိုကဲ့သို့ ငါးအရှင်များ၊ ရေတွင်ပေါက်ပွါးသည့်အပင်များနှင့်မျိုးစေ့များကိုတင်သွင်း၊ တင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ကြိုတင်ခွင့်ပြုချက်ရရှိရန်လိုအပ်ခြင်းမှာ နိုင်ငံတော်အတွင်းရှိ ရေနေသတ္တဝါများ၊ ဒေသရင်းငါးမျိုးများ၊ ဇီဝမျိုးစုံများ၊ ရေနေဂေဟစနစ်များ အပေါ်သွမ်းမိုးခြင်း၊ ပြုန်းတီးစေခြင်းစသည်များကို ကာကွယ်ရန်လိုအပ်ခြင်းကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငါးအရှင်များ၊ ရေတွင်ပေါက်ပွါးသည့်အပင်များ နှင့် မျိုးစေ့များကို ပြည်ပမှပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှပြည်ပ သို့

၂/သို့

တင်ပို့ခြင်း ပြုရာတွင် ငါးလုပ်ငန်း ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ကြရန်အသိပေး ကြေညာအပ်ပါသည်။

အကယ်၍လိုက်နာခြင်း မရှိကြောင်း စစ်ဆေး တွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

သန်းထွန်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ လဝ/ဥပဒေ-၂/၂၀၁၂(၁၀၅၁၄/၁၀၅၃၆)
ရက်စွဲ ၂၀၁၂ ခုနှစ်၊ မေလ(၂၃)ရက်

<u>ဖြန့်ဝေခြင်း</u>

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- အစိုးရအဖွဲ့ရုံး
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- ဝန်ကြီးဌာနအားလုံး
- ညွှန်ကြားရေးမှူးများအားလုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ပြည်နယ်/တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး
- ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး
- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး

၃/သို့

- ဦး ဆောင်ညွှန်ကြား ရေးမှူး ၊ ပုံနှိပ်ရေး နှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း
သို့( ပြည်ထောင်စုမြန်မာနိုင်ငံ တော်ပြန်တမ်း
တွင် ထည့်သွင်း ကြေငြာပေး ပါရန် မေတ္တာ
ရပ်ခံချက်ဖြင့်ပေး ပို့ပါသည်။ )

အမိန့်အရ

( ဉာဝင်း )
ဒုတိယညွှန်ကြားရေးမှူးချုပ်